# မဲဇလီကွင်းကျေးရွာ

# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မဲဇလီကွင်းကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ဇူလိုင်လ

| | | |
|---|---|---|
| စကားချီး | | ၂-၇ |
| မဲဇလီကွင်းကျေးရွာသံယံဇာတပြမြေပုံ | | ၈ |
| မဲဇလီကွင်းကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ဟသ်ာတမြို့နယ် | | ၉ |
| မဲဇလီကွင်းကျေးရွာအဖွဲ့အစည်းပြပုံ၊ဟသ်ာတမြို့နယ် | | ၁၀ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | | |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၁၁ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၁-၁၂ |
| | ( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၂-၁၃ |
| (၂) | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ | ၁၃ |
| | (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | ၁၃ |
| | ( ခ) သဘာဝအရင်းအမြစ်များ | ၁၄ |
| (၃) | ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၁၄ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၁၄ |
| | ( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု | ၁၄-၁၅ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ | ၁၅ |
| | (ဃ) ကျန်းမာရေးနှင့်အာဟာရ | ၁၅ |
| | ( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၅ |
| | ( စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၆ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၆ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၆ |
| | ( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၇ |
| | (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၇ |
| | (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၇-၁၈ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၈ |
| | **(စ)**ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၈ |
| | (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၁၈ |
| | (ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု- လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ | ၁၉ |

သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၁၉

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၉
အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၉-၂၀

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊ ၂၀

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၀-၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ၂၁-၂၂
ကျသောချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၃

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၃

( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း ၂၃-၂၄

(ဂ) ဦးစားပေးစီမံချက်များ ၂၄-၂၇

(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၈

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၈-၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် ၃၀
အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၃၀-၃၁

( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ၃၁

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၁

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် ၃၂
အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအမံများ

(၁၁) စီမံကိန်းကြီးကြပ် စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၂

(က)ကြီးကြပ်စစ်ဆေးခြင်း ၃၂-၃၃

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၃၃-၃၄

(ဂ) နည်းပညာဆိုင်ရာအကူအညီ ၃၄

နောက်ဆက်တွဲ(၁) ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၃၅-၃၇

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၃၈

နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၃၉
ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၃၉
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၄၀-၄၅
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၄၆
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၄၆-၄၇
ဇယား၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၄၇-၄၈
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၄၉
ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၄၉
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၅၀-၅၁
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေး
အန္တရာယ်လျော့ချရေးအစီအမံများ ၅၁-၅၃
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ၅၃-၅၅
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ ၅၅-၅၆
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၅၆-၅၇
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု ၅၇-၅၈
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၅၈-၅၉
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း ၅၉-၆၀
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု ၆၀-၆၁
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ ၆၁-၆၂
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြသာနာနှင့်အခက်အခဲများ ၆၃-၆၄
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၆၄-၆၅
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ ၆၅-၆၇
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာ
နှင့်စိန်ခေါ်မှုများ ၆၇-၆၉
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၆၉
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်
ပြဿနာနှင့်အခက်အခဲများ ၇၁-၇၂
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံပုံစံနှင့်အချိန်ကာလ ၇၂-၇၃

| | | |
|---|---|---|
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၇၃ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၇၃-၇၄ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၇၄-၇၅ |
| ဇယား၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၇၅-၇၇ |
| ဇယား၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့်အခက်အခဲများ | ၇၇-၇၈ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ် မြောက်မှုနှုန်း | ၇၈-၇၉ |
| ဇယား ၃၁ | ကျောင်းတတ်နှုန်း | ၇၉-၈၀ |
| ဇယား ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၈၀-၈၁ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၈၁ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၈၂ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၈၂-၈၃ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၈၃-၈၄ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၈၄-၈၅ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၈၅-၈၆ |
| ဇယား ၃၉ | ကျား/မရေးရာ | ၈၆-၈၇ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၈၈-၈၉ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၈၉-၉၀ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၉၀-၉၁ |
| ဇယား၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ | ၉၁ |
| ဇယား၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၉၁-၉၂ |
| ဇယား၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | ၉၂ |
| ဇယား၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၉၃ |
| ဇယား၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၉၃-၉၄ |
| ဇယား၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၉၅ |
| ကိုးကားစာရင်း | | ၉၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မဲလီကွင်းကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသား အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ် မဲဇကွင်းကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများပါဝင်ရေး ဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ဤစီမံကိန်းစာအုပ် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျွန်ုပ်တို့ ကျေးရွာသူ/သားများအားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ယခုအစီအစဉ်ရေးဆွဲရေးအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသော ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်စွက်ပေးခြင်းဖြင့် ပိုမိုပြည့်စုံ၍ တိကျမှန်ကန်လာမှာ သေချာပါသည်။ ဤဖွံ့ဖြိုးရေး စီမံကိန်းသည် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေရင်းဖြင့် လုပ်ကိုင်တိုးတက်မှု အားသာချက်/အားနည်းချက်များနှင့်ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲများ ဦးစားပေးရွေးချယ်မှုနှင့် အစီအမံများ မူလချမှတ်ထားသည့် အစီအစဉ်များအား အချိန်နှင့်တပြေးညီ ပြန်လည်သုံးသပ်၍ လုပ်ငန်းများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် အများသဘောတူချမှတ်ထားသော နှစ်အလိုက် ဦးစားပေးလုပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင်ပါဝင် ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ၏ အားသာချက်/အားနည်းချက်များအား သက်ဆိုင်ရာမှစဉ်ဆက် မပြတ်အကဲခတ်၍ ပံ့ပိုးကူညီမှုများ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်းယုံကြည်ပါသည်။

ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် ပါဝင်ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် တွင် လုပ်ဆောင်ရမည့် လုပ်ငန်းများအား အပိုင်း(၂)ပိုင်းစီဖြင့် သီးခြားဖော်ပြထားပါသည်။ အပိုင်(က) ဖွံ့ဖြိုးရေးဗျူဟာနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည် ဗျူဟာ၊ ဘဏ္ဍာနှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်း ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် တို့ကိုဖော်ပြထားပါသည်။ အပိုင်း(ခ)တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ကျေးရွာမှအဆိုပြုထားသော စီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မဲဇလီကွင်းကျေးရွာ

ဟသ်ာတမြို့နယ်

# ကညင်ငူကျေးရွာအုပ်စု၊ မဲဇလီကွင်းကျေးရွာ သယံဇာတပြမြေပုံ



# မဲဇလီကွင်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဥ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ | ☀ | ☀ | 🌧 | 🌧 | 🌧 | 🌧 | ☀ | ☀ | 🌤 | 🌤 | ☀ | ☀ |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကြဲ | ဓါတ်မြေသြဇာ | ဆေးဖြန်း | ဓါတ်မြေသြဇာ | စပါးရိတ်သိမ်း | ရိတ်သိမ်း | ပဲစိုက် | ဆေးဖြန်း | ဆေးဖြန်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | အလွန်များ | များ | များ | များ | အလွန်များ | အလွန်များ | အလွန်များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | များ | များ | များ | များ | များ | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရိစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရိစ္ဆာန်ရောဂါဖြစ်ပွားမှု | များ | နည်း | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | သက်ကြီးပူဇော်ပွဲ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | တရားစခန်း | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဟသင်္ာတမြို့နယ်၊ကညင်ငူကျေးရွာအုပ်စု၊ မဲဇလီကွင်းကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ၊ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်း များကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်း အချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များ အားသိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေး နှင့်ပြည်သူ့အရေးရပ်တည်မှုပေး သည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့်သတင်း အချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန် စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချ မှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းစကားဖွံ့ဖြိုးမှု ဖြစ်စဉ်တွင်လူထုကိုလည်း အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက် ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံချက်များကိုနှစ်အလိုက်ဦးစာပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟင်္သာတမြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် တွင်တည်ရှိပါသည်။ ဟင်္သာတမြို့နယ်သည် မြောက်လတီတ္တကျူတွဒ် ၁၈ဒီဂရီ ၁၀မိနစ်နှင့် ၁၆ဒီဂရီ ၁၅မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၂၅မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ် ကြားတွင်တည်ရှိပါသည်။ ဟင်္သာတမြို့နယ်သည် အရှေ့ဘက်နှင့်မြောက်ဘက်တွင် လေးမျက်နှာမြို့နယ် နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဟင်္သာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသ ဖြစ်ပါသည်။ ဟင်္သာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈ ˚C)ရှိပြီး အနိမ့်ဆုံး အပူချိန်မှာ (၂၇ ˚C)ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများ ဖြစ်ပါသည်။

မဲဇလီကွင်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ကညင်ငူ ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ဟင်္သာတမြို့နယ်နှင့် (၁၈)မိုင်ခွဲခန့်ကွာဝေးပြီး ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်သောကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင်း စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြပါသည်။ မိုးရွာသွန်းမှုမှာ ပုံမှန်သာရှိပြီး ရံဖန်ရံခါနှစ်များတွင်သာ မိုးရွာသွန်းမှု အနည်းငယ်သာ ပိုလျော့ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား မိုးရာသီကို အဓိကထား စိုက်ပျိုးကြပါသည်။ကျေးရွာသည် ပင်လယ်ကမ်းခြေဒေသနှင့်ဝေးသောကြောင့် ဆားငန်ရေဝင်ရောက်မှုမရှိပါ၊ ကျေးရွာ၏ အနေအထားမှာ ရွာတန်းရှည်ဖြစ်ပြီး တောင၊တောင်များမရှိခြင်း၊ မြေပြန့်ဒေသဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအား မိုးရာသီတွင်သာ စိုက်ပျိုးပြီး နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိပါ။ ဆောင်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်းတို့အား အစားထိုးစိုက်ပျိုးကြပါသည်။

## (ခ) သဘာဝအရင်းအမြစ်များ

ကျေးရွာသည် မြေပြန့်ဒေသတွင်ရှိပြီး တောတောင်များမရှိခြင်းကြောင့် သဘာဝသယံဇာတပစ္စည်းများနှင့် တိရိစ္ဆာန်မျိုးစိတ်များ တွေ့ရှိရခြင်းမရှိပါ။ မြေဆီလွှာအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပြီး ထွန်ယက်စိုက်ပျိုးနိုင်သော မြေအမျိုးအစားဖြစ်ပါသည်။ ဆည်/မြောင်းတာတမံများမရှိခြင်းကြောင့် ရေသွင်းစိုက်ပျိုးနိုင်ခြင်းမရှိပါ။ မြေအောက်ရေကိုသာ အဓိကထား သုံးစွဲရပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

မဲဇလီကွင်းကျေးရွာတွင်အိမ်ထောင်စုပေါင်း(၅၅)စုနှင့် ကျား(၁၀၄)ဦး မ(၁၀၇)ဦးဖြင့် လူဦးရေပေါင်း(၂၁၁)ဦးရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်လျှင်(၄)ဦးနှုန်းခန့်ရှိပြီး ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှတစ်အိမ် ထောင်လျှင်(၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေသောအိမ်ထောင်စု(၈)စုရှိပြီး ကျန်မိသားစုများသည် အဆင်မပြေသောအိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာ၏အဓိကစီးပွားရေးမှာစိုက်ပျိုးရေး ဖြစ်ပြီး မတ်ပဲနှင့်ပဲတီစိမ်းအား ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။နွေစပါး စိုက်ပျိုးခြင်းမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းအား အဓိကထား လုပ်ကိုင်သော်လည်း အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေပါသည်။ အချိန်အခါမဟုတ် သီးနှံအဖျက်ပိုးများ ကျရောက်မှုကြောင့် ရင်းနှီးရမှုစရိတ်ကြီးမားခြင်း၊ နည်းပညာလက်လှမ်းမီနိုင်မှု အခက်အခဲရှိခြင်းတို့ကြောင့် ရွာသူ/သားများမှာ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား လုပ်ကိုင်နေသော်လည်း ဝင်ငွေပိုင်ဆိုင်မှု အနေအထားမှာ အလွန်နည်းပါးကြပါသည်။ စီးပွားရေးအဆင့်နှင့် ဆင်းရဲချမ်းသာကွာဟမှုမှာ ကျေးရွာ၏ အိမ်ထောင်စု(၃၀)မှာအလွန်ဆင်းရဲကြပြီး အိမ်ထောင်စု(၁၀)စုမှာ ဆင်းရဲသော အိမ်ထောင်စုဖြစ်ပြီး အိမ်ထောင်စု (၁၅) စုမှာ အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

လယ်ယာမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပြီး လယ်ယာသုံး စက်ကိရိယာပစ္စည်းများပိုင်ဆိုင်မှုမှာ အနည်းငယ်သာရှိကြပါသည်။ အများစုမှာ ပြင်ပမှ ငွေးရမ်းထွန်ယက်ကြရခြင်း ၊ ငှားရမ်းစရိတ် ကြီးမြင့်မှု တို့ကြောင့် ကျေးရွာ၏ စီးပွားရေးတိုးတက်မှု အနေအထားမှာ ထင်သလောက်အကျိုးဖြစ်ထွန်းမှု မရှိပေ။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး၊

လက်လုပ်လက်စား၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများလည်းရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုမှာ (၃၅) အိမ်ထောင်စုရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

မဲဇလီကွင်းကျေးရွာတွင် မြေယာမဲ့ဦးရေ အိမ်ထောင်စုအရေအတွက်မှ ၃ပုံ ၂ပုံရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကပါဝင်၍ လက်လုပ်လက်စား လုပ်ကိုင်ကြပြီး၊ ဆောင်လုပ်ရေး လုပ်ငန်းများစသည့် လုပ်ငန်းများလည်းလုပ်ကိုင်ကြပါသည်။ ကျေးရွာမှာ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ၂၅% ဖြစ်သော အိမ်ထောင်စု(၃၅)စုကို လေ့လာစမ်းစစ်မှုအရ ယင်းတို့၏ ၃ပုံ ၂ပုံမှာ ချေးငွေရယူခြင်းနှင့် လုပ်အားခကြိုယူ၍ ဖြေရှင်းနေကြကြောင်း တွေ့ရှိရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသောဆင်းရဲသား တောင်သူများအဖို့ ထိခိုက်နစ်နာမှုများရှိပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် ကျေးရွာတွင် နေထိုင်သော (၇၀%)ခန့်မှာ အခက်အခဲကြုံတွေ့ ရနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

မဲဇလီကွင်းကျေးရွာရှိ ကျေးရွာသူ/သား အများစုသည် သာမာန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပါသည်။ မိုးရာသီတွင် ရာသီတုတ်ကွေးဖြစ်လေ့ဖြစ်ထရှိသောကြောင့် နီးစပ်ရာ ဆေးခန်းများသို့ သွားလာရသည်မှာ ယာဉ်၊ မော်တော်ဆိုင်ကယ် နည်းပါးမှုကြောင့် သွားလာရသည်မှာ အခက်အခဲရှိပါသည်။ အရေးပေါ် ကိစ္စရပ်များပေါ်ပေါက်လာပါက ဟင်္သာတမြို့ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

မဲဇလီကွင်းကျေးရွာ၏ ပညာရေးမှာ မြို့ပေါ်ရှိ လူများနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်နိမ့်နေသောကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သား အများစုသည် သာမန်အားဖြင့် အရေးအဖက် တို့ကို တက်မြောက်ကြပြီး တက္ကသိုလ်တက်ရောက်ဆဲနှင့် ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပါသည်။ အခြေခံပညာရေးကို ရွာချင်းဆက် အ.ထ.က(ခွဲ)အုပ်ပုံတွင် တက်ရောက်ကြပါသည်။ ကျေးရွာရှိ ရွာသူ/သားများသည် ကြက်၊ဝက်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ပန်းရံလုပ်ငန်းကိုလည်း ကျေးရွာမှ ရွာသားအနည်းငယ်သာ လုပ်ကိုင်ကြပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

မဲဇလီကွင်းကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသားလူဦးရေမှာ အမျိုးသမီးလူဦးရေထက် အနည်းငယ်များပါသည်။ ဆောင်သီးနှံ မတ်ပဲ၊ ပဲတီစိမ်းရိတ်ချိန်တွင် အမျိုးသားတစ်ဦးလျှင် (၈၀၀၀)ကျပ်ခန့် ရှိပါသည်။ ထို့အတူ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခမှာ (၆၀၀၀)ကျပ်ရရှိပါသည်။ နေ့စားအလုပ် လုပ်ကိုင်သူများမှာ ပန်းရံ အလုပ်သမားများ အဖြစ် လုပ်ကိုင်ကြပြီး တစ်နေ့လျှင် အမျိုးသား တစ်ဦးလုပ်အားခမှာ(၅၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင်(၄၅၀၀)ကျပ်ခန့်သာ ရရှိပါသည်။ ကျေးရွာ၏ စာတက်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/ အမျိုးသမီး ဦးရေမျှတပြီး အမျိုးသားဦးရေမှာ အနည်းငယ်များပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင်လည်း အမျိုသမီးတစ်ချို့ တက်ကြွစွာ ပါဝင်ကြပါသည်။

ပညာရေး၊ ဘာသာရေး ကိစ္စများတွင် အမျိုးသမီးများသည် အမျိုးသားများနည်းတူပါဝင်ကြပါသည်။ သို့သော် အမျိုးသမီးများလုပ်အားခသည် အမျိုးသားများ လုပ်အားခနှင့်နှိုင်းယှဥ်လျှင် အနည်းငယ်လျော့ကျနေသည်ကို တွေ့ရှိရပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းဂဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲဖြစ်ပါသည်။

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖနှင့် ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အရန်မီးသတ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး၊နာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင် ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာရှိလယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ပဲတို့ဖြစ်ပြီး စပါးကို မိုးရာသီတွင် စိုက်ပျိုးကြပြီး၊ပဲနှင့်ပဲနှင့်ပဲတီစိမ်းတို့ကို ဆောင်းရာသီတွင် စိုက်ပျိုးကြပါသည်။ လယ်မြေဧက(၁၃၆)ဧကရှိပါသည်။ ထို့အတူ လုပ်သားလူငယ်များလည်းရှိပါသည်။ မိုးစပါး တစ်ဧကလျှင် (၈၀)တင်း၊ ပဲမျိုးစုံတစ်ဧက(၁၀)တင်း နှုန်းထွက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

မဲဇလီကွင်းကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ အသေးစား ကုန်ထုတ်လုပ်ငန်းများ၊ ဖန်တီးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေ တိုးတက်ရေးစီမံကိန်းမှ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ထားသော အပ်ချုပ်ဆိုင်(၂)ဆိုင်ရှိပါသည်။ အခြားဝင်ငွေရ လုပ်ကိုင်သူများမှာ ဈေးရောင်း (အိမ်ဆိုင်)၊ဆိုင်ကယ် ကယ်ရီပို့ ဆောင်ရေး၊အခြားဒေသသို့သွားရောက်၍ ပန်းရံ၊အထည်ချုပ်စက်ရုံ၊ ပဲလှော်ဖိုတို့တွင် သွားရောက်လုပ်ကိုင် ကြပါသည်။

ကျေးရွာတွင် စပါး၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ စပါးရိတ်သိမ်းချိန်တွင် ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ ရိတ်သိမ်းခြွေလှေ့စက်များကို ငှားရမ်းလုပ်ကိုင်လာခြင်းကြောင့် အလုပ်အကိုင်ရှားပါးပါသည်။ ဆောင်းသီးမတ်ပဲနှုတ်ချိန်တွင်သာ အလုပ်အကိုင်အသင့်အတင့်ရရှိကြပြီး နေ့ထွက်လုပ်အားတစ်ရက်လျှင်(၈၀၀၀)ကျပ်မှ (၉၀၀၀)ကျပ် အထိရရှိပြီး စားဝတ်နေရေး အဆင်ပြေကြပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖွင့်လှစ်နေသော်လည်း အချို့အိမ်ထောင်စုများမှာ ငွေကြေးအခက်အခဲများကြောင့် လက်လှမ်းမီနိုင်မှုနည်းပါးပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါးနှင့်မတ်ပဲစိုက်ခင်းများတွင် နှစ်စဉ်ဖျက်ပိုးများကျရောက်ခြင်းကြောင့် ပိုးသတ် ဆေးနှင့် ဓာတ်မြေဩဇာများ အသုံးပြုရခြင်း၊ဆေးဝါးပစ္စည်းများအား လယ်ကွက်အတွင်းသို့ ယူဆောင်လာရခြင်း ဘက်စုံသုံးပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုဗေဒပိုးသတ်ဆေးများကို အသုံးပြုလာကြခြင်း၊ အသုံးပြုပြီးသော အမှိုက်သရိုက်များအား စနစ်တကျ စွန့်ပစ်မှုမရှိခြင်း တို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် မြေဆီဩဇာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာရပါသည်။ သက်ဆိုင်ရာမှ စွန့်ပစ်အမှိုက်များစနစ်တကျ စီမံခန့်ခွဲနိုင်အောင် အသိပညာပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။ အခါအားလျော်စွာ ရေကြီးပြီးရွှံ့နွံများ ဖုံးလွှမ်းမှု၊ မိုးများ၍

ရေကြီးမှုကလည်းမြေဆီဩဇာနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ကြုံတွေ့နေရဆဲဖြစ်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော တစ်ကေလျှင် တစ်သိန်းခွဲနှုန်းဖြင့် (၁၀)ထိချေးယူနိုင်ပါသည်။ အတိုးနှုန်းမှာ(၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်ပါသည်။ ထုတ်ချေးသောကာလမှာ (၇)လဖြစ်ပါသည်။ လယ်သမားအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း အကြံပြုချင်ပါသည်။ ချေးယူရရှိသောငွေများအား လယ်ယာလုပ်ငန်းတွင်လည်းကောင်း၊ကျန်းမာရေးနှင့်ပညာရေးတွင်လည်းကောင်း အသုံးပြုကြပြီး ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏ စီးပွားရေးအဆင့်သတ်မှတ်ချက် (၃နှင့်၄)တို့အား လေ့လာဆန်းစစ်ကြည့်ချက်အရ တစ်အိမ်ထောင်လျှင် အကြွေးတင်ရှိမှု ပမာဏမှာ ကျပ်(၁၀၀၀၀၀) မှ(၃၀၀၀၀၀)ကျပ်ထိရှိကြောင်းတွေ့ရှိရပါသည်။

### (စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မဲဇလီကွင်းကျေးရွာတွင် အခြေခံပညာမူလတန်းမှစ၍ အထက်တန်းကျောင်းကို အ.ထ.က (ခွဲ) အုတ်ပုံတွင် သွားရောက်၍ ပညာသင်ကြားရပါသည်။ ကျေးရွာသူ/သားအများစုသည် စာရေးစာဖတ်ကို ကျွမ်းကျင်ကြပြီး သက်ကြီးရွယ်အိုအများစုသာ ပညာရေးပိုင်းတွင် အနည်းငယ်နိမ့်ပါးကြပါသည်။

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက တလုတ္တော်တိုက်နယ်ဆေးရုံနှင့် လေးမျက်နှာမြို့နယ် ဆေးရုံများသို့ သွားရောက်ပြသပါသည်။ သောက်သုံးရေအတွက် မြေအောက်ရေကိုသာ အသုံးပြုကြပါသည်။ ရေကိုကြိုချက်၍သောက်သုံးသောကြောင့် ရေနှင့်ပတ်သက်သော ရောဂါများ ရံဖန်ရံခါသာ ဖြစ်လေ့ရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောနှင့် အခြားရောဂါ များဖြစ်ပွားလေ့မရှိပါ။

### (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူမှုရေးနှင့်ဘာသာရေး၊သာရေး၊နာရေး ကိစ္စရပ်များတွင် ရပ်ရွာ၏ အကြီးအကဲ အုပ်ချုပ်သူခေါင်းဆောင်တို့၏ လမ်းညွှန်မှုအောက်တွင် စည်းစည်းလုံးလုံးနှင့်တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျေးရွာယဉ်ကျေးလိမ္မာသင်တန်းကျောင်းကို ဖွင့်လှစ်ထားသည့်အတွက် နွေရာသီကျောင်းပိတ်ရက်များ တွင် ကလေးများ တက်ရောက်ကြပါသည်။

## (ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု-လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဖ)ဖာလုံခန့်ရှိသော အုပ်ပုံကျေးရွာနှင့် တလုတ္တောင်ကားလမ်းမ ဘေးတွင်ရှိသော ချောင်းကျောက်လမ်းပေါ်တွင် သွားလာကြပါသည်။ ကျေးရွာသည် ကုန်းလမ်းခရီးကို အဓိကထား အသုံးပြုပြီး စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ကား၊ ထော်လာဂျီ တို့ဖြင့် အသုံးပြုလျက်ရှိပါသည်။

မဲဇလီကွင်းကျေးရွာတွင် မီးအလင်းရောင်အတွက် ကိုယ်ပိုင်ဆိုလာများဖြင့်သာ မီးထွန်းကြပါသည်။ ကျေးရွာ၏ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ကွန်ယက်မှာ ရံဖန်ရံခါတွင်သာ ကောင်းမွန်ပြီး အင်တာနက် လိုင်းချိတ်ဆက်အသုံးပြုရန်မှာ လုံးဝအဆင်မပြေပါ။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျွန်ုပ်တို့ကျေးရွာသည် ရပ်မိရပ်ဖ ရပ်ရွာအုပ်ချုပ်ရေးမှူးတို့၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့ကြောင့် တည်ငြိမ်အေးချမ်းပြီး ရာဇဝတ်မှုခင်းများ ဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။ ကျေးရွာရှိ လူငယ်များနှင့် ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသော အုပ်ချုပ်ရေးနှင့် မီးသတ်အဖွဲ့သည် ရပ်ရွာ၏ လုံခြုံရေးနှင့်ကာကွယ်ရေး အပိုင်းကို နေ့စဉ်မပြတ် အပြည့်အဝ တာဝန်ယူကာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ရွာအတွင်းသို့ ပြင်ပမှ လူစိမ်းများဝင်ရောက်မှုအား စာရင်းစစ်ဆေးခြင်းများပြုလုပ်ပေးခြင်း၊ လှည့်ကင်းထောက်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးပါသည်။ ကျေးရွာသည် လေးမျက်နှာမြို့နယ်နှင့် တလုတ္တောင်မြို့ အကြားတွင် တည်ရှိခြင်းကြောင့် ရဲစခန်း၊ မြို့နယ်အုပ်ချုပ်ရေးရုံးတို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာ ချိတ်ဆက်နိုင်ပြီး မှုခင်းဖြစ်ပွားနိုင်ခြေများအား ကြိုတင်ကာကွယ်တာဆီးနိုင်ပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော် လွှားမည့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာသည် ဟင်္သာတ တလုတ္တောင် လေးမျက်နှာဆက်သွယ်သော ကားလမ်းဘေးတွင် တည်ရှိသောကြောင့် မြို့ပေါ်သို့ တစ်နှစ်ပတ်လုံး ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ အရေးကြီး၊ လိုအပ်သော ပစ္စည်းများကို ဟင်္သာတမြို့သို့ အလွယ်တကူသွားရောက် ဝယ်ယူနိုင်ပါသည်။

ကျေးရွာတွင် တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှုမှာ အသင့်အတင့်ကောင်းမွန်ပြီး မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးရန် အလွန်ကောင်းမွန်ပါသည်။ မွေးမြူရေးအနေဖြင့် နွား၊ဝက်၊ကြက် များ တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ သာမန်ဆေးဝါး ကုသမှုခံယူရန်အတွက် တလုတ္တောင်ဆေးရုံသို့

သွားကြပြီး အရေးပေါ်ကုသမှုခံယူရန်အတွက် ဟသ်ာတမြို့နယ်ရှိ ဆေးရုံ၊ ပုဂ္ဂလိက ဆေးရုံးများသို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူကြပါသည်။

### (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

မဲဇလီကွင်းကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များ တွင် အားနည်းမှုရှိပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေး ကဏ္ဍတွင် လယ်ယာမြေ အနေအထားမှာ အသင့်အဆင့်ကောင်းမွန်ပြီး မြေသြဇာထည့်သွင်းမှုတို့ကြောင့် စပါးနှင့်မတ်ပဲအထွက်နှုန်းမှာ နည်းပါးရသည်။ရုံဖန်ရုံခါ ဖျက်ပိုးများ ကျရောက်ပြီး စိုက်ပျိုးထားသော သီးနှံများ ဆုံးရှုံးရပါသည်။ ဘဏ်နှင့် ပုဂ္ဂလိက ငွေကြေးဝန်ဆောင်မှု များမှာ ချေးငွေကို ရယူနိုင်သော်လည်း စပါးတစ်ရာသီသာ စိုက်ပျိုးရခြင်းကြောင့် ချေးငွေအချိန်မီ ပေးသွင်းရန် အခက်အခဲရှိပါသည်။ ဆောင်းသီးနှံအဖြစ် မတ်ပဲနှင့်ပဲတီစိမ်းကို စိုက်ပျိုးသော်လည်း စိုက်ပျိုးစရိတ်နှင့် ဝန်ဆောင်ခများကြီးမြင့်မှုကြောင့် အခက်အခဲများစွာရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ရွာလုံး အတိုင်းအတာဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူကြ သော်လည်း ရာသီအလိုက် ရောဂါများကျရောက်ပြီး ရင်းနှီးထားမှုများ ဆုံးရှုံးရပါသည်။ မွေးမြူရေး နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများမှလည်း အသိပညာပေးမှုနည်းပါးပြီး ဝန်ထမ်းမလုံလောက် မှုတို့ကြောင့် အချိန်မီရောဂါများ မထိန်းချုပ်နိုင်ပါ။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ

ကျွန်ုပ်တို့မဲဇလီကွင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်း ဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည် ဖော်မည့် နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း

(၂၀၂၄ ခုနှစ် မှ ၂၀၂၈ ခုနှစ် အတွင်း) အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အတွက် အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေးနှင့်ထုတ်ကုန်တိုးမြင့် ထုတ်လုပ်ခြင်းနှင့် ဝင်ငွေ တိုးတက်စေရမည်။

(၂) လူငယ်များအားပညာ တတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်း နှင့် အသက်မွေး ဝမ်းကျောင်း ပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေ နိုင်စွမ်းနှင့်ဝင်ငွေတိုးမြင့်လာစေရမည်။

(၃) ရွာလူထုသည် သွားလာရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေးကို ဆောင်ရွက်စေရန်နှင့် သို့မှသာလျှင် လူနေမှု အဆင့်အတန်း မြင့်မားလာရမည်ဖြစ်ပါသည်။

**(ခ) နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ကြမည်။

ကျွန်ုပ်တို့သည် ကျေးရွာလူထု၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော ဖွံ့ဖြိုးရေး၊ ရည်မှန်းချက် ပန်းတိုင်များအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ အလှူရှင်များ၊ ကျေးရွာလူထု၏ ပြည်သူထည့်ဝင်ငွေ၊ လုပ်အားတို့နှင့်ပေါင်းစပ်ညှိနှိုင်းကာ အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီး သောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက် များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများ ကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့သည့် အထောက်အပံ့များကို

နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအားအချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ)စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးကို မိုးရာသီတွင် စိုက်ပျိုးပြီး ဆောင်သီးနှံအဖြစ် မတ်ပဲကို စိုက်ပျိုးသည်။ နှစ်စဉ်သီးနှံဖျက်ပိုးများ ကျရောက်ပြီး စိုက်ပျိုးထားသော သီးနှံများ ဆုံးရှုံးရပါသည်။ အဖျက်ပိုးနှိမ်နင်းရေးအတွက် ထိရောက်သော နည်းစနစ်များရရှိရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဌာနများနှ ဝန်ထမ်းမလုံလောက်မှုတို့ကြောင့် ပုဂ္ဂလိက စိုက်ပျိုးရေး အရောင်းဆိုင်၊ကုမ္ပဏီများအား ငွေကြေးဝန်ဆောင်မှုတို့ဖြင့် ငှားရမ်းကာ နည်းပညာအကြံပေးမှုတို့ကြောင့် သီနှံအထွက်နှုန်း နည်းပါပြီး ဝင်ငွေလျော့နည်းရပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများမှ ဝန်ဆောင်မှုများကို တောင်သူလယ်သမားများအနေဖြင့် အထိုက်အလျောက် ရရှိကြပါသည်။ သို့သော် ကာလတိုချေးငွေ ဝန်ဆောင်မှုများရရှိကြသော်လည်း ပိုးမွှားအန္တရာယ်ကျရောက်မှုတို့ကြောင့် သတ်မှတ်ချက် ငွေကြေးအတိုင်းအတာ မပြည့်မီခြင်းတို့ကြောင်း အချိန်မီ ပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိပါသည်။ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေစနစ်တစ်ရပ်အား သက်ဆိုင်ရာ အစိုးရမှ ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာရှိ လူငယ်များအတွက် အသေးစား အိမ်တွင်းစက်မှုလက်မှု အလုပ်အကိုင် အခွင့်အလမ်းများဖွံ့ဖြိုးလာနိုင်ရန် အလားအလာရှိသော်လည်း နိုင်ငံတော်မှ မဟာလျှပ်စစ်ဓါတ်အားလိုင်းပေးခြင်းမရှိသောကြောင့် ဖွံ့ဖြိုးမှုနောက်ကျရခြင်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းများ ဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာများ၊ ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှု/လက်မှုနှင့် ရပ်ရွာ အကျိုးပြုအဖွဲ့ တစ်ဖွဲ့ ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် နည်းပညာအကြံပေးအဖွဲ့နှင့်

ကျွမ်းကျင်ဝန်ထမ်းများပါရှိရန် လိုအပ်မည်ဖြစ်ပြီး ရန်ပုံငွေအလုံအလောက်ထောက်ပံ့ပေးရန် လိုအပ်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာ ကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက် နိုင်ရန်စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ် ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကရေးဆွဲထားသော (၅)နှစ်တာကာလအတွင်း စီမံကိန်းများအား အချိန်ကာလတစ်ခုအတွင်းချမှတ် အကောင်အထည်ဖော်ဆောင်ထားသည့် စီမံချက်များဖြစ်သည့် အတွက် ကျေးရွာ၏ လိုအပ်ချက်များ အမှန်တကယ်ပြီးပြည့်စုံရန် ခက်ခဲပါသည်။ ထို့ကြောင့် ကျေးရွာလူထုမှ စီမံချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြင်ဆင်ရန် လိုအပ်မည့် လုပ်ငန်းများအား အချိန်မီပြန်လည်ရေးဆွဲရန် စီမံချက်ဖြင့် ဗျူဟာမြောက်အောင် နှစ်ပတ်လည် အတွင်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း သည်စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက် အကူပြုပါမည်။Functional classificationသည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက် ဆိုင်သောစီမံချက်များကိုသိရှိနားလည်ရန်အထောက်အကူပြုပါသည်။(Economic classification)သည် စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအ တွက်လိုအပ်ပါသည်။

#### (၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည်

(က)မည်သည့်ကဏ္ဍအောက်တွင်(ဥပမာ-စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊

(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

#### (၂)ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economicclassification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါ သည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ-ဆောက်လုပ်ရေး ပစ္စည်းများ နှင့်ပုံသေဝယ်ယူ၍ရသောရင်းနှီးမြုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များကို နှစ်အလိုက်ဦးစားပေး စီမံချက်အစီအစဉ်ဖြင့် ဇယားတွင် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာဦးစားပေး စီမံကိန်းများကို အမှတ်ပေးခွဲခြားခြင်းစနစ်ဖြင့် စီမံချက်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အကူအညီများ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ ကွန်ကရစ်ဘောင်ချောင်းကျောက် ခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကို ဝယ်ယူနိုင်ခြင်း၊<br>• ကျေးရွာသည် စည်းလုံးညီညွတ်ခြင်း နှင့်လုပ်အား ပါဝင်ဆောင်ရွက်နိုင်ခြင်း | |
| *အခြေခံအဆောက်အဦးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ ကျေးရွာလျှပ်စစ်မီးလင်းရေး | ၉၀ | ၂ | • မဟာဓာတ်အားလိုင်နှင့်အနီးတွင်ရှိ ခြင်း<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့များ ရရှိအောင် သက်ဆိုင်ရာဦးစီးဌာနများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာမှ လျှပ်စစ်မီးရရှိရန် စိတ်အား ထက်သန်သဖြင့် ပြည်သူထည့်ဝင်ငွေစု ဆောင်းနိုင်ခြင်း | သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၂။ ကျေးလက်ဆေးပေးခန်း | ၈၀ | ၃ | • မြေနေရာရရှိရေး စည်းလုံးညီညွတ်စွာ ဆွေးနွေးနိုင်ခြင်း<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့များ ရရှိရန်သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း | သက်ဆိုင်ရာ ဦးစီးဌာန |
| *အခြေခံအဆောက်အဦးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၃။ စာကြည့်တိုက်ထူထောင်ရေး | ၈၀ | ၄ | • မြေနေရာရရှိရေး စည်းလုံးညီညွတ်စွာ ဆွေးနွေးနိုင်ခြင်း<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့ များရရှိ ရန် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်နိုင်ခြင်း | သက်ဆိုင်ရာ ဦးစီးဌာန |
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၅။အသက်မွေးဝမ်းကြောင်း သင်တန်းများဖွင့်လှစ်ခြင်း | ၈၀ | ၅ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက် ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း ၊ | ကျေးလက်/သ က်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကိုဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | |

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြီးဆုံးသော အချိန်ကာလ ခန့်မှန်း ဖော်ပြထားပါသည်။ ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်း ကွန်ကရစ်ဘောင်ချောင်း ကျောက်ခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး | ၂ | | ✔ | | | |
| ၃။ | ကျေးလက်ဆေးပေးခန်း | ၃ | | | ✔ | | |
| ၄။ | စာကြည့်တိုက်ထူထောင်ရေး | ၄ | | | | ✔ | |
| ၅။ | အသက်မွေးဝမ်းကျောင်းသင်တန်း (ဒီဇိုင်နာ) | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများ နှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၄င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက် ၊အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့်ငွေရေးကြေးရေး အစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယအဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက် များအကောင်အထည်ဖော် ဆောင်ရွက်ရန်ဦးစားပေးသတ်မှတ်ရာတွင်

ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ် ၊အခြားအရေးပေါ်ကိစ္စရပ်များ နှင့်အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန် ကျေးရွာဖွံ့ ဖြိုးရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သာ ထည့်ဝင်မှု၊ဥပမာ-လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်ဘောင်ချောင်းကျောက်ခင်းလမ်းခြင်း | ၁၅၀ | | ✔ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂။ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး | - | | ✔ | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၃။ | ကျေးလက်ဆေးပေးခန်း | - | | ✔ | | |
| ၄။ | စာကြည့်တိုက်ထူထောင်ရေး | - | | ✔ | | |
| ၅။ | အသက်မွေးဝမ်းကျောင်းသင်တန်း (ဒီဇိုင်နာ) | - | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုက ဦးဆောင်အကောင‌ထည်ဖော်မည်ဖြစ်သဖြင့် လုပ် ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင် အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက် နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး

အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုး တက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့ အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက် လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံ နှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက် ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ် များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန် ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ်ကိစ္စများကို သာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေး တာဝန်မှာမြို့နယ် သက်ဆိုင်ရာဦးစီး ဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီ ကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့ အစည်းများနှင့်နီးနီး ကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများသတ်မှတ် မည်။

